ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
အမိန့်ကြော်ငြာစာအမှတ်- ၄ / ၂၀၁၇
၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

**ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် သင်တန်းဆရာအနေဖြင့်ဖြစ်စေ၊ တစ်ဦးချင်းကိုယ်တိုင်သင်တန်းဆရာအနေဖြင့်ဖြစ်စေ သင်တန်းဆရာအဖြစ်မှတ်ပုံတင်ခွင့်ပြုခြင်း**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၃၁၊ ၃၂ နှင့် ၃၃ ပါ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် သင်တန်းဆရာအဖြစ်ဖြစ်စေ၊ တစ်ဦးချင်းကိုယ်တိုင်သင်တန်းဆရာအနေဖြင့်ဖြစ်စေ လုပ်ကိုင်သူများနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ကောင်စီဥပဒေပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ် ထုတ်ပြန်လိုက်သည်။

**မှတ်ပုံတင်ခြင်း**

၂။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင်ဖြစ်စေ၊ တစ်ဦးချင်းကိုယ်တိုင်သင်တန်းဆရာအနေဖြင့်ဖြစ်စေ သင်တန်းဆရာအဖြစ်လုပ်ကိုင်သူသည် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် မှတ်ပုံတင်ရမည်။

၃။ သင်တန်းဆရာအဖြစ်လုပ်ကိုင်လိုသူသည်သင်တန်းဆရာမှတ်ပုံတင်ခွင့်လျှောက်လွှာ (ဆရာပုံစံ-၁) ကို သတ်မှတ်လျှောက်လွှာကြေး ပေးသွင်း၍ ကောင်စီရုံးတွင် ဝယ်ယူရမည်။

၄။ သင်တန်းဆရာအဖြစ် လုပ်ကိုင်လိုသူသည် လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ကောင်စီရုံးသို့ တင်သွင်းရမည်။ လျှောက်လွှာနှင့်အတူ အောက်တွင် ဖော်ပြသည့် အချက်အလက် အထောက်အထားများကို ပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ (မူရင်းပြသရမည်)

(ခ) ပညာအရည်အချင်းဆိုင်ရာ လက်မှတ် မိတ္တူ၊ (မူရင်းပြသရမည်)

(ဂ) မိမိ၏ပညာအရည်အချင်း၊ လုပ်ငန်းခွင်အတွေ့အကြုံနှင့်ဘာသာရပ်ဆိုင်ရာသင်ကြားမှု အတွေ့အကြုံများကိုဖော်ပြထားသောကိုယ်ရေးအချက်အလက်၊

(ဃ) ကိုယ်ရေးအချက်အလက်နှင့်တင်ပြချက်များအားလုံးမှန်ကန်ကြောင်းကိုယ်တိုင်ဝန်ခံချက်၊

**စိစစ် ခွင့်ပြုခြင်း**

၅။ ကောင်စီရုံးသည် တင်သွင်းသည့်လျှောက်လွှာတွင် ရေးသွင်းဖော်ပြချက်များ ပြည့်စုံမှုသာလျှင် လျှောက်လွှာကိုလက်ခံယူပြီး လျှောက်လွှာလက်ခံယူထားကြောင်းအထောက်အထားစာကို ထုတ်ပေးရမည်။

၆။ ကောင်စီရုံးသည် လက်ခံရရှိထားသည့် လျှောက်လွှာများကို စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီထံသို့တင်ပြရမည်။

၇။ ကြီးကြပ်ရေးကော်မတီသည် လျှောက်လွှာများကိုစိစစ်၍-

(က) အလုပ်အမှုဆောင်ကော်မတီ၏ အတည်ပြု ချက်ရယူ၍ ခွင့်ပြုနိုင်သည်၊

(ခ) လိုအပ်ချက်များပြည့်စုံမှုမရှိလျှင် လိုအပ်ချက်ကိုဖော်ပြလျှက်ပြည့်စုံအောင် ပြန်လည်တင်ပြစေရန်ဆုံးဖြတ်နိုင်သည်၊

(ဂ) သင်တန်းဆရာအားခေါ်ယူ၍ လူတွေ့စစ်ဆေးမေးမြန်းနိုင်သည်၊

(ဃ) အကြောင်းရင်းကိုဖော်ပြလျှက် ခွင့်မပြုဘဲငြင်းပယ်နိုင်သည်၊

(င) ကောင်စီကအခါအားလျော်စွာ ပေးအပ်သောအခြားလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည်၊

၈။ ကောင်စီရုံးသည် ကြီးကြပ်ရေးကော်မတီ၏ဆုံးဖြတ်ချက်ကို သင်တန်းဆရာအဖြစ် လျှောက်ထားသူထံသို့ အကြောင်းကြားစာပေးပို့ရမည်။ အပိုဒ် ၇(ခ) ပါဆုံးဖြတ်ချက်အပေါ် သင်တန်းဆရာအဖြစ်လျှောက်ထားသူက ထပ်မံတင်ပြချက် သို့မဟုတ် ရှင်းလင်းချက်ကို ကောင်စီရုံးသည် ကြီးကြပ်ရေးကော်မတီထံသို့ တင်ပြရမည်။

၉။ ကြီးကြပ်ရေးကော်မတီသည် သင်တန်းဆရာအဖြစ်လျှောက်ထားသူ၏ ထပ်မံတင်ပြချက် သို့မဟုတ် ရှင်းလင်းချက်ကို စိစစ်ပြီး အပိုဒ် ၇ ပါ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်။

**မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး**

၁၀။ သင်တန်းဆရာအဖြစ်လျှောက်ထားသူသည် သင်တန်းဆရာအဖြစ် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာရရှိသည့်အခါ သတ်မှတ်ထားသည့်မှတ်ပုံတင်ကြေးကို အကြောင်းကြား စာပေးပို့သည့်ရက်မှ ၁၀ ရက်အတွင်း နှင့် နှစ်စဉ်ကြေး ကို အကြောင်း ကြားစာတွင် ဖော်ပြထားသည့်အတိုင်း ကောင်စီရုံးသို့ပေးသွင်းရမည်။

၁၁။ မှတ်ပုံတင်သက်တမ်းသည် ပထမဆုံးမှတ်ပုံတင်ကြေးသွင်းသည့်နေ့၏ ပြက္ခဒိန်လ အပါအဝင် ၃၆ လ (၃နှစ်တာကာလ) အတွက်ဖြစ်သည်။

၁၂။ မှတ်ပုံတင်အရာရှိသည် အပိုဒ် ၁၀ အရငွေပေးသွင်းသည့်နေ့မှ (၃၀) ရက်အတွင်း သင်တန်းဆရာအဖြစ်လုပ်ကိုင်ခွင့်ပြုသည့်မှတ်ပုံတင်လက်မှတ်ကိုထုတ်ပေးရမည်။

၁၃။ သင်တန်းဆရာအဖြစ် လုပ်ကိုင်ခွင့်ရရှိသူသည် မှတ်ပုံတင်သက်တမ်းတိုးလျှောက်လွှာ (ဆရာပုံစံ-၂) ကို သက်တမ်းမကုန်မီ ရက် ၉၀ ထက်မစော၊ ရက် ၆၀ ထက်နောက်မကျစေဘဲ ကောင်စီရုံးသို့ တင်ပြရမည်။

၁၄။ ကောင်စီရုံးနှင့်ကြီးကြပ်ရေးကော်မတီသည် သင်တန်းဆရာတင်ပြလာသည့် မှတ်ပုံတင်သက်တမ်းတိုးလျှောက်လွှာနှင့်စပ်လျဉ်း၍ အပိုဒ် ၆ မှ ၉ အထိတို့ တွင်ဖော်ပြသည့်လျှောက်လွှာ စိစစ်ခြင်းလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည်။

၁၅။ သင်တန်းဆရာအဖြစ်မှတ်ပုံတင်သူသည် မှတ်ပုံတင်သက်တမ်းတိုးခွင့်ပြုကြောင်း အကြောင်းကြားစာရရှိသည့်အခါ သတ်မှတ်ထားသည့် နှစ်စဉ်ကြေးကို အကြောင်းကြားစာတွင် ဖော်ပြထားသည့်အတိုင်း ကောင်စီရုံးသို့ပေးသွင်းရမည်။

၁၆။ ပထမအကြိမ် သက်တမ်းတိုးပြီးနောက်ပိုင်းနှစ်များအတွက် နှစ်စဉ်ကြေးများပေးသွင်းခြင်းများကို အပိုဒ် ၁၃ နှင့် ၁၅ ပါအတိုင်းဆက်လက် ဆောင်ရွက်ရန် ဖြစ်သည်။

**သင်တန်းဆရာဆိုင်ရာစည်းကမ်းချက်များ**

၁၇။ သင်တန်းဆရာဆိုင်ရာစည်းကမ်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) မှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်သက်တမ်းတိုးခွင့်လျှောက်လွှာနှင့် ပူးတွဲတင်ပြချက်များအားလုံးတွင်မှန်ကန်ပြည့်စုံစွာဖော်ပြရမည်၊

(ခ) သင်တန်းဆရာမှတ်ပုံတင်သက်တမ်းကာလအတွင်းသင်ကြားရန်လျှောက်ထားသည့် ဘာသာရပ်များ သာသင်ကြားရမည်၊

(ဂ) မှတ်ပုံတင်ကြေး၊နှစ်စဉ်ကြေးတို့ကိုသတ်မှတ်ချက်နှင့်အညီပေးသွင်းရမည်၊

(ဃ) တာဝန်ယူသင်ကြားသည့်ဘာသာရပ်အတွက် သတ်မှတ်သည့် သင်ရိုးညွှန်းတမ်းအတိုင်း အပြည့်အဝသင်ကြားပို့ချရမည်၊

(င) သတ်မှတ်ထားသော ကျောင်းစည်းကမ်းများကို လိုက်နာရမည်၊

(စ) ကျောင်းစီမံအုပ်ချုပ်သူနှင့် သဘောတူညီထားရှိသောပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(ဆ) လိုအပ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့၏မေးမြန်းဆွေးနွေးခြင်းနှင့် တင်ပြချက်ရယူခြင်းကိစ္စရပ်များအတွက် ကျောင်းတည်ထောင်သူ၊ ကျောင်းစီမံအုပ်ချုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၈။ သင်တန်းဆရာများနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သင်တန်းဆရာအဖြစ် ဆောင်ရွက်ခွင့်ပြုရန် သို့မဟုတ် သက်တမ်းတိုးရန် တင်ပြသည့် လျှောက်လွှာကိုစိစစ်ပြီး-

(၁) လိုအပ်ချက်များပြည့်စုံမှုမရှိလျှင် လိုအပ်ချက်များကို လျှောက်ထားသူအား အကြောင်းကြားခြင်း၊

(၂) ကော်မတီ၏သဘောထားမှတ်ချက်ဖြင့် ကောင်စီ၏အလုပ်အမှုဆောင်အဖွဲ့ထံသို့ တင်ပြခြင်း၊

(၃) အလုပ်အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်အရ သင်တန်းဆရာမှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်သက်တမ်းတိုးခွင့်ကိုခွင့်ပြုခြင်း၊

(ခ) လိုအပ်ပါက သင်တန်းဆရာအားခေါ်ယူ၍ လူတွေ့စစ်ဆေးခြင်း၊

(ဂ) သင်တန်းဆရာနှင့်စပ်လျဉ်းသည့်တိုင်ကြားစာ သို့မဟုတ် အကြံပြုစာကိုစိစစ်ပြီး ကော်မတီ၏သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့ထံသို့ တင်ပြခြင်း၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်အရ စုံစမ်းစစ်ဆေး၍ တင်ပြခြင်း၊

(င) ဤအမိန့်ကြော်ငြာစာပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရေးအတွက် လိုအပ်ပါက အချက်အလက်များကိုသက်ဆိုင်ရာသင်တန်းဆရာထံမှ တောင်းခံရယူခြင်း၊

(စ) ဤအမိန့်ကြော်ငြာစာပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရေးအတွက် ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့၏ခွင့်ပြုချက်ဖြင့် လုပ်ငန်းအဖွဲ့ကို လိုအပ်သလိုဖွဲ့စည်းခြင်း၊ လုပ်ငန်းအဖွဲ့တာဝန်များကိုသတ်မှတ်ခြင်း၊

(ဆ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို အလုပ်အမှုဆောင်အဖွဲ့ အစည်း အဝေးတွင် တင်ပြခြင်း၊

(ဇ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးကြေး နောက်ကျပေးသွင်းခြင်း အတွက် သတ်မှတ်ဒဏ်ကြေးငွေ ပေးသွင်းစေပြီး လုပ်ကိုင် ခွင့်ပြုခြင်း၊

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်း**

၁၉။ သင်တန်းဆရာဆိုင်ရာစည်းကမ်းချိုးဖောက်သည်ဟု စွပ်စွဲခံရသော သင်တန်းဆရာအား စုံစမ်းစစ်ဆေးရန် ကောင်စီဝင် အနည်းဆုံး ၂ ဦး ပါဝင်သော အဖွဲ့ဝင် ၅ ဦးဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၂၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကောင်စီက ဤကိစ္စရပ် အလို့ငှာ ကောင်စီဝင် ၅ ဦးဖြင့် ဖွဲ့စည်းသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တင်ပြရမည်။

၂၁။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခုကို ကောင်စီ၏အတည်ပြုချက်ဖြင့်ချမှတ်နိုင်သည်-

(က) သတိပေးခြင်း

(ခ) သင်တန်းဆရာမှတ်ပုံတင်လက်မှတ်ကိုကာလသတ်မှတ်ဆိုင်းငံ့ခြင်း၊

(ဂ) သင်တန်းဆရာမှတ်ပုံတင်လက်မှတ်ကိုရုပ်သိမ်းပယ်ဖျက်ခြင်း၊

၂၂။ ကောင်စီသည် တရားရုံးတစ်ခုခုက အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည့်ပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောသင်တန်းဆရာကို အပိုဒ် ၂၁၊ အပိုဒ်ခွဲ (ခ) နှင့် အပိုဒ်ခွဲ(ဂ) ပါအရေးယူဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်နိုင်သည်။

**အယူခံခြင်း**

၂၃။ အပိုဒ် ၂၁ နှင့် ၂၂ တို့အရ ပြစ်ဒဏ်ချမှတ်ခံရသူသည်အယူခံလိုပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်ရက်မှ ရက် ၃၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၂၄။ ကောင်စီသည် အပိုဒ် ၂၃ အရ တင်သွင်းသည့် အယူခံများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ပြန်လည်စုံစမ်းစစ်ဆေးစေခြင်း

(ခ) ပယ်ဖျက်ခြင်း၊

(ဂ) ပြင်ဆင်ခြင်း၊

(ဃ) အတည်ပြုခြင်း။

၂၅။ အယူခံလွှာအပေါ် ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်သည်။

ဉက္ကဋ္ဌ (ကိုယ်စား)
(ခင်စန်းဦး၊ အတွင်းရေးမှူး)

စာအမှတ်၊ မစက/ ၁၀၈ /( ၀၁၇ /၂၀၁၇) ရက်စွဲ ၊ ၅ - ၁ -၂၀၁၇

ဖြန့်ဝေခြင်း

ကြော်ငြာသင်ပုန်း

မိတ္တူ

မြန်မာနိုင်ငံစာရင်းကောင်စီဝင်များအားလုံး

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းအလုပ်အမှုဆောင်များအားလုံး

အမိန့်ကြော်ငြာစာဖိုင်

ရုံးလက်ခံ

မျှောစာတွဲ

# သင်တန်းဆရာမှတ်ပုံတင်လျှောက်လွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------------

၂။ အဖအမည် ------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ် ------------------------------------

၄။ တယ်လီဖုန်း၊ Email ------------------------------------------------------

၅။ ပညာအရည်အချင်း ------------------------------------------------------

၆။ သင်ကြားမည့်သင်တန်းနှင့်ဘာသာရပ်များ

(က) လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း

----------------------------------------------------------------------

----------------------------------------------------------------------

----------------------------------------------------------------------

(ခ) ဒီပလိုမာစာရင်းကိုင်သင်တန်း

----------------------------------------------------------------------

----------------------------------------------------------------------

----------------------------------------------------------------------

၇။ သင်ကြားမည့်ဘာသာရပ်အတွက် သင်ကြားမှုနှင့် အခြားအတွေ့အကြုံများ

(သီးခြားတင်ပြရန်)

၈။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း ကိုယ်တိုင်ကတိပြုဝန်ခံပါသည်။

လျှောက်ထားသူ လက်မှတ် ------------------------------------

မှတ်ချက်။ နိုင်ငံသားစိစစ်ရေးကတ်၊ ဘွဲ့လက်မှတ် မိတ္တူများနှင့် သင်ကြားမှုနှင့် အခြားလုပ်ငန်း အတွေ့အကြုံ များအတွက် အထောက်အထားများ၊ ဓာတ်ပုံ အပို ၂ ပုံ တင်ပြရမည်။

# သင်တန်းဆရာမှတ်ပုံတင် သက်တမ်းတိုးလျှောက်လွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------------

၂။ သင်တန်းဆရာမှတ်ပုံတင်အမှတ် ------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ် ------------------------------------

၄။ တယ်လီဖုန်း၊ Email ------------------------------------------------------

၅။ ပညာအရည်အချင်း ------------------------------------------------------

၆။ သင်ကြားမည့်သင်တန်းနှင့်ဘာသာရပ်များ

(က) လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း

----------------------------------------------------------------------

----------------------------------------------------------------------

----------------------------------------------------------------------

(ခ) ဒီပလိုမာစာရင်းကိုင်သင်တန်း

----------------------------------------------------------------------

----------------------------------------------------------------------

----------------------------------------------------------------------

၇။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း ကိုယ်တိုင်ကတိပြုဝန်ခံပါသည်။

လျှောက်ထားသူ လက်မှတ် ------------------------------------

မှတ်ချက်။ သင်တန်းဆရာမှတ်ပုံတင်နှင့် ဓာတ်ပုံ အပို ၂ ပုံ တင်ပြရမည်။